# ကျွန်ုပ်၏ အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများ

WIC သည် သင့်အား ကျန်းမာသုခရရှိစေမည့် အာဟာရဗေဒ ပညာပေးရေး၊ နို့တိုက်ကျွေးရေး အထောက်အပံ့၊ လွှဲပြောင်းမှုများနှင့် ဖြည့်စွက်စာများကို ပံ့ပိုးပေးလျက်ရှိသည်။ WIC အနေဖြင့် သင့်အတွက် လုပ်ဆောင်နိုင်ရန် WIC ဝန်ထမ်းသည် သင့်ကျန်းမာရေးနှင့် စားသောက်မှုပုံစံများနှင့် ပတ်သက်၍ မေးမြန်းမည်ဖြစ်ပါသည်။

## WIC ၌ ကျွန်ုပ်အား စာရင်းသွင်းသည့်အခါ ကျွန်ုပ်သည် အောက်ပါအခွင့်အရေးကို ရရှိပါမည်-

- ☑ ကျွန်ုပ်၏ လိုအပ်ချက်များကို နားထောင်မည့် လေးစားရိုသေမှုရှိသည့် ဝန်ထမ်းနှင့်အတူ လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်သည်။
- ☑ ကျွန်ုပ်အတွက် အကျိုးဖြစ်ထွန်းစေမည့် အကြောင်းအရာများအတွက် အာဟာရဗေဒပညာပေးမှု
- ☑ အခြားကျန်းမာရေးဝန်ဆောင်မှုဌာနများထံသို့ လွှဲပြောင်းပေးခြင်း။
- ☑ ပုဂ္ဂိုလ်ရေးဆိုင်ရာ လုံခြုံမှု။ ကျွန်ုပ်၏ အချက်အလက်များကို ကာကွယ်ပေးမည်ဖြစ်သည်။
- ☑ ကျွန်ုပ်၏ ဓာတ်စာစားသောက်မှုကို ဖြည့်စွက်မှုပြုလုပ်မည့် အီလက်ထရွန်းနစ် အကျိုးခံစားခွင့်ကတ် (eWIC ကတ်) WIC အစားအစာများတွင် သင့်အား ကျန်းမာသုခရရှိစေမည့် အရေးကြီးသော အာဟာရဓာတ်များ ပါရှိသည်။
- ☑ လွှဲပြောင်းပေးမှုဆိုင်ရာ အကျိုးခံစားခွင့်ကာလနှင့် ပတ်သက်၍ e WIC ကတ်ကို စောဒကတက်ရန်
- ☑ WIC ဆေးခန်းနှင့် စတိုးတွင် ရရှိနိုင်သည့် ကောင်းမွန်သော ဝန်ဆောင်မှုနှင့် မျှတပြီး တန်းတူရည်တူရှိသော ကုသမှု
- ☑ ကျွန်ုပ်၏ WIC ဆေးခန်း၏ ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ သဘောတူညီမှုမရှိပါက ဆက်သွယ်ခြင်းအားဖြင့် မျှတသော ကြားနာမှုတစ်ရပ်ကို တောင်းဆိုခြင်း

| | |
|---|---|
| **Oregon WIC Program** | တယ်လီဖုန်းနံပါတ် - 971-673-0040 |
| စာတိုက်သေတ္တာအမှတ် 14450 | ကြေးနန်း - 800-735-2900 |
| Portland, OR 97293-0450 | ဖက်စ် - 971-673-0071 |

WIC Program အတွက် အကျုံးဝင်မှုနှင့် ပူးပေါင်းပါဝင်ခွင့်အတွက် သတ်မှတ်ချက်များမှာ လူမျိုး၊ အသားအရောင်၊ မွေးဖွားရာမူလနိုင်ငံ၊ အသက်အရွယ်၊ မသန်စွမ်းမှုအခြေအနေ သို့မဟုတ် လိင်တို့ကို အခြေပြုထားခြင်းမရှိဘဲ အားလုံးအပေါ်တွင် တစ်ပြေးညီတည်းဖြစ်သည်။ ခွဲခြားဆက်ဆံခံရမှုဆိုင်ရာ တိုင်ကြားမှုတစ်ခုကို ပြုလုပ်ရန် **Oregon WIC Program** အထက်တွင် ဖော်ပြထားသည့်အတိုင်း ဆက်သွယ်ပါ သို့မဟုတ် အောက်တွင် ဖော်ပြထားသော လမ်းညွှန်ချက်များကို လိုက်နာပါ။

တန်းတူရည်တူရှိသော အခွင့်အလမ်းများကို ဤအဖွဲ့အစည်းမှ ပေးအပ်ပါသည်။ ပြည်ထောင်စု နိုင်ငံသားများ၏ ရပိုင်ခွင့်များဆိုင်ရာ ဥပဒေနှင့် အမေရိကန်ပြည်ထောင်စု စိုက်ပျိုးရေးဝန်ကြီးဌာန (USDA) နိုင်ငံသားများ၏ ရပိုင်ခွင့်များဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် မူဝါဒအရများအရ USDA ၊ ၎င်း၏ အေဂျင်စီများ၊ ရုံးများနှင့် အမှုထမ်းများနှင့်တကွ USDA အစီအစဉ်များအတွင်း ပူးပေါင်းပါဝင်လျက်ရှိသော သို့မဟုတ် စီမံအုပ်ချုပ်လျက်ရှိသော အဖွဲ့အစည်းများအား လူမျိုး၊ အသားအရောင်၊ မွေးဖွားရာမူလနိုင်ငံ၊ လိင်အမျိုးအစား၊ မသန်စွမ်းမှု၊ အသက်အရွယ်တို့အပေါ် အခြေခံ၍ ခွဲခြားဆက်ဆံခြင်းမပြုရန်ဖြစ်စေ USDA မှ ပြုလုပ်သော သို့မဟုတ် ငွေကြေးမတည်သော မည်သည့်အစီအစဉ် သို့မဟုတ် လုပ်ဆောင်ချက်အတွင်း၌မဆို နိုင်ငံသားများ၏ ရပိုင်ခွင့်ဆိုင်ရာလုပ်ဆောင်ချက်များအတွက် လက်တုန့်ပြန်ခြင်း သို့မဟုတ် တုန့်ပြန်မှုတစ်စုံတစ်ရာ ပြုလုပ်ခြင်းတို့မှ တားမြစ်သည်။ အစီအစဉ်ဆိုင်ရာ အချက်အလက်များအတွက် (မျက်မမြင်စာ၊ ပုံနှိပ်စာအကြီး၊ အသံသွင်းတိပ်ခွေ၊ အမေရိကန် သင်္ကေတပြဘာသာစကား အစရှိသည့်) အခြားဆက်သွယ်မှုနည်းလမ်းများကို လိုအပ်လျက်ရှိသည့် မသန်စွမ်းသူများသည် (ပြည်နယ် သို့မဟုတ် ဒေသဆိုင်ရာ) ၎င်းတို့လျှောက်ထားသည့် အကျိုးခံစားခွင့်များအတွက် အေဂျင်စီထံသို့ ဆက်သွယ်သင့်သည်။ နားမကြားသူများ၊ အကြားအာရုံချို့တဲ့နေသူများ သို့မဟုတ် စကားပြောဆိုရန် မစွမ်းဆောင်နိုင်သူများသည် (800) 877-8339 နံပါတ်ဖြင့် Federal Relay Service မှတဆင့် USDA သို့ ဆက်သွယ်နိုင်သည်။ ထို့ပြင် အစီအစဉ်ဆိုင်ရာ အချက်အလက်များကို အင်္ဂလိပ်ဘာသာနှင့်သာမက အခြားဘာသာစကားများဖြင့်လည်း ရရှိနိုင်ပါသည်။ ခွဲခြားဆက်ဆံခံရခြင်းအတွက် တိုင်ကြားမှုပရိုဂရမ်တစ်ခု တင်သွင်းရန် http://www.ascr.usda.gov/complaint_filing_cust.html နှင့် မည်သည့် USDA ရုံးတွင်မဆို တွေ့ရှိရမည့် USDA ပရိုဂရမ် ခွဲခြားဆက်ဆံခြင်းတိုင်ကြားမှုပုံစံ (AD-3027) ကို ဖြည့်စွက်ပါ။ သို့မဟုတ် USDA သို့ လိပ်မူသည့်စာတစ်စောင်ရေးသားကာ ပုံစံတွင်တောင်းဆိုထားသည့်အချက်အလက်အားလုံးကို စာတွင် ထည့်သွင်းပါ။ တိုင်ကြားမှုပုံစံမိတ္တူတောင်းဆိုရန် (866) 632-9992 သို့ ခေါ်ဆိုပါ။ သင်ဖြည့်စွက်ထားသည့်ပုံစံ သို့မဟုတ် စာကို USDA သို့ အောက်ပါတို့မှတဆင့် တင်သွင်းပါ -

***(1) ချောစာ:*** အမေရိကန်ပြည်ထောင်စု စိုက်ပျိုးရေးဝန်ကြီးဌာန
နိုင်ငံသားများ၏ ရပိုင်ခွင့်များဆိုင်ရာ လက်ထောက်အတွင်းဝန်ရုံး
1400 Independence Avenue, SW
Washington, D.C. 20250-9410 ၊

***(2) ဖက်စ်:*** (202) 690-7442-သို့မဟုတ်

***(3) အီးမေးလ်:*** program.intake@usda.gov

နောက်ထပ်စာမျက်နှာသို့

## ကျွန်ုပ်၏ တာဝန်ဝတ္တရားများ

WIC အစီအစဉ်တွင် ပူးပေါင်းပါဝင်သူတစ်ဦးအနေဖြင့် ကျွန်ုပ်သည်-

- ☑ အိုင်ဒီ၊ နေထိုင်ရာဌာန (လိပ်စာ)နှင့်တကွ ကျွန်ုပ်အိမ်ထောင်စု၏ ဝင်ငွေအားလုံးတို့အတွက် သက်သေခံအထောက်အထားကို WIC ထံတွင် စစ်ဆေးခံသည့်အခါတိုင်း ယူဆောင်လာရမည်။ (ကျွန်ုပ် သည် WIC ဝန်ဆောင်မှုများကို ရယူရန်အတွက် အမေရိကန်ပြည်ထောင်စုနိုင်ငံသားတစ်ဦးဖြစ်ရန် မလိုပါ။)
- ☑ ကျွန်ုပ်၏ လိုအပ်ချက်များကို နားထောင်မည့် လေးစားရိုသေမှုရှိသည့် ဝန်ထမ်းနှင့်အတူ လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်သည်။
- ☑ ကျွန်ုပ်ပံ့ပိုးခဲ့ပြီးသည့် အချက်အလက်များနှင့် ပတ်သက်သော ပြောင်းလဲမှုများ ပေါ်ပေါက်လျှင် WIC ဝန်ထမ်းအား ပြောဆိုရမည်။
- ☑ ကျွန်ုပ်၏ WIC ဆေးခန်း၏ ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ သဘောတူညီမှုမရှိပါက ဆက်သွယ်ခြင်းအားဖြင့် မျှတသော ကြားနာမှုတစ်ရပ်ကို တောင်းဆိုခြင်း ကျွန်ုပ်၏ ခေါ်ယူချိန်းဆိုမှုများကို ဆက်လက်ဆောင်ရွက်ခြင်းမရှိဘဲ ကျွန်ုပ်၏ အစားအစာအကျိုးခံစားခွင့်များကို ရရှိခဲ့လျှင် WIC ဝန်ဆောင်မှုများကို ရွှေ့ဆိုင်းခြင်း သို့မဟုတ် ရပ်စဲခြင်းတို့ကို ပြုလုပ်နိုင်သည်။
- ☑ လွှဲပြောင်းပေးမှုဆိုင်ရာ အကျိုးခံစားခွင့်ကာလနှင့် ပတ်သက်၍ eWIC ကတ်ကို စောဒကတက်ရန်
- ☑ ကျွန်ုပ်၏ WIC ဆေးခန်း၏ ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ သဘောတူညီမှုမရှိပါက ဆက်သွယ်ခြင်းအားဖြင့် မျှတသော ကြားနာမှုတစ်ရပ်ကို တောင်းဆိုခြင်း
- ☑ မှန်ကန်သော အစားအစာများနှင့် ဖော်မျူလာတို့ကို မှန်ကန်သော ပမာဏဖြင့် Oregon WIC Program မှ ခွင့်ပြုထားသော စတိုးများ၌သာ ဝယ်ယူပါ။
- ☑ ကျွန်ုပ်၏ eWIC ကတ်ကို လုံခြုံမှုရှိအောင် ထိမ်းသိမ်းပြီး PIN နံပါတ်များကို လျှို့ဝှက်ထားပါမည်။
- ☑ သင့်တွင် မေးမြန်းလိုသည့်အချက်များရှိလျှင်ဖြစ်စေ၊ စတိုး၌ WIC အစားအစာများ သို့မဟုတ် ဖော်မျူလာတို့ကို လိုအပ်လျှင်ဖြစ်စေ၊ လိုအပ်သည်ထက်ပိုမို၍ ရယူလိုလျှင်ဖြစ်စေ WIC သို့ ခေါ်ဆိုပါ။

## Oregon WIC Program

အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည်။ သို့မဟုတ်လျှင် သင့်အား WIC program မှ သင့်အား ထုတ်ပယ်သွားမည်။

- ▶ WIC အား သင်၏ မှန်ကန်သော အချက်အလက်များအားလုံးကို ပြောဆိုပါ။
- ▶ စတိုး၌ သင့် အကျိုးခံစားခွင့်စာရင်းလက်ကျန်အတွင်း မရရှိနိုင်သော အစားအစာများ သို့မဟုတ် ဖော်မျူလာများကို မတောင်းဆိုပါနှင့်။ အစားထိုးတောင်းဆိုမှုများ သို့မဟုတ် ပြန်လည်အသုံးပြုနိုင် အလျော်ပေးသည့် လက်မှတ်များအား အသုံးပြုခွင့်မပြုပါ။
- ▶ သင့် WIC အစားအစာများ၊ WIC မှ ထုတ်ပေးထားသော နို့စုပ်ယူသည့် ကိရိယာများ၊ ဖော်မျူလာများ သို့မဟုတ် eWIC ကတ်တို့ကို အွန်လိုင်းမှတဆင့်ဖြစ်စေ အခြားနည်းဖြင့်ဖြစ်စေ ရောင်းချခြင်း၊ ရောင်းချရန် အားထုတ်ခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း သို့မဟုတ် လက်ဆင့်ကမ်းခြင်းတို့ကို မပြုလုပ်ရ။
- ▶ စတိုး၌ သင့် အကျိုးခံစားခွင့်စာရင်းလက်ကျန်အတွင်း မရရှိနိုင်သော အစားအစာများ သို့မဟုတ် ဖော်မျူလာများကို မတောင်းဆိုပါနှင့်။
- ▶ WIC ၌ ကျွန်ုပ်အား စာရင်းသွင်းသည့်အခါ ကျွန်ုပ်သည် အောက်ပါအခွင့်အရေးကို ရရှိပါမည်-
- ▶ WIC စတိုး သို့မဟုတ် တောင်သူများ၏ ဈေးကွက်ဝန်ထမ်းအား မည်သည့်အခါမှ နှုတ်အားဖြင့်လည်းကောင်း အကြမ်းဖက်ခြင်း၊ အရှက်ရစေခြင်း၊ ခြိမ်းခြောက်ခြင်း သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာအရ ထိခိုက်အနာတရဖြစ်စေခြင်းတို့ကို မပြုလုပ်ရ။

သင်သည် ဤအချက်အလက်များကို အခြားပုံစံတစ်ခုဖြင့် လိုအပ်လျှင် 971-673-0040 သို့ ဆက်သွယ်စေလိုပါသည်။

www.healthoregon.org/wic

57-630-BURMESE (7/2017)